# THE HOTEL AND RESTURAANT TAX, (AMENDMENT) ACT, 1950.

[ACT NO. VII OF 1950.]

# ၁၉၅၀ ပြည့်နှစ်၊ ဟော်တယ်နှင့်ပျော်ပွဲစားရုံခွန် (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၀ ပြည့်နှစ်၊ အက်ဥပဒေအမှတ် ၇။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို၊ ၁၉၅၀ ပြည့်နှစ်၊ ဟော်တယ်နှင့် ပျော်ပွဲစားရုံခွန် (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

၂။ ။(ဤအက်ဥပဒေတွင် ' အဆိုပါအက်ဥပဒေ'' ဟု ရည်ညွှန်းသည့်) ၁၉၄၉ ခုနှစ်၊ ဟော်တယ်နှင့် ပျော်ပွဲစားရုံခွန် အက်ဥပဒေပုဒ်မ ၂ ရှိ အပိုဒ် (ဂ) နှင့် (စ) တို့အစား အောက်ပါတို့ကိုထည့်သွင်းရမည်။

''(ဂ) 'အဘိုးအခများ' ဆိုသည်တွင်၊ ပြည်သူ့ ဟော်တယ်နှင့် ပျော်ပွဲစားရုံတွင်၊ အခန်းငှါးသည့် အခငွေဖြစ်စေ၊ အစား အသောက်အတွက်ကျသင့်သည့် အဘိုးငွေဖြစ်စေ၊ ပြည်သူ့ ဟော်တယ်နှင့် ပျော်ပွဲစားရုံမှ ပြင်ပသို့ ပေးပို့ ရောင်းချသော စားဘွယ် သောက်ဘွယ်များအတွက် ကျသင့်သော တန်ဘိုးများဖြစ်စေ၊ အသုံးခံ ဆောင်ရွက်မှုများနှင့် အခြား လွယ်ကူရန် ဆောင်ရွက်ပေးမှုများ အတွက် ကျသင့်သည့် အဘိုး အခများဖြစ်စေပါဝင်သည်။

(စ) 'တည်းခို စားသုံးသူ' ဆိုသည်မှာ၊ လက်ငင်းသော်၎င်း၊ အကြွေးသော်၎င်း၊ အခမဲ့သော်၎င်း၊ ပြည်သူ့ ဟော်တယ်နှင့် ပျော်ပွဲစားရုံတွင်အခန်းငှါးသူ၊သို့တည်းမဟုတ် စားဘွယ် သောက်ဘွယ်ကို စားသုံးသူ၊ သို့တည်းမဟုတ် ပြည်သူ့ ဟော်တယ်နှင့် ပျော်ပွဲစားရုံမှ ပြင်ပသို့ စားဘွယ် သောက်ဘွယ်ကို မှာယူ စားသုံးသူ မည်သူကိုမဆို ဆိုလိုသည်။''

၃။ ။အဆိုပါ အက်ဥပဒေ၏ ပုဒ်မ ၄၊ ပုဒ်မခွဲ (၁) အစား အောက်ပါတို့ကို ထည့်သွင်းရမည်။

အခွန်စည်းကြပ်ခြင်း။

''၄။ ။(၁) ပြည်သူ့ဟော်တယ်နှင့်ပျော်ပွဲစားရုံတွင်အခန်းငှါးသည်ဖြစ်စေ၊ စားဘွယ်သောက်ဘွယ်ကိုရောင်းချသည်ဖြစ် စေ၊ စားသုံးသည်ဖြစ်စေ၊ ပြည်သူ့ဟော်တယ်နှင့်ပျော်ပွဲစားရုံမှ ပြင်ပသို့ စားဘွယ်သောက်ဘွယ်ကို ပေးပို့ရောင်းချသည်ဖြစ်စေ၊ ပိုင်ရှင်က တောင်းဆိုသော အဘိုးအခများအပေါ်တွင် ရာခိုင်နှုန်းနှစ်ဆယ် အခွန်စည်းကြပ်ရမည်။ ထိုအခွန်ကို အစိုးရကိုယ်စား၊ ပိုင်ရှင်က တည်းခို စားသုံးသူထံမှစည်းကြပ်ကောက်ခံရမည်။

ရှင်းချက်။ ။သို့ရာတွင် ပြည်သူ့ဟော်တယ်နှင့် ပျော်ပွဲစားရုံတွင် အခန်းကို အခမဲ့သော်၎င်း၊ အကြွေးသော်၎င်း၊ ငှါးသည်ဖြစ်စေ၊ စားဘွယ် သောက်ဘွယ်ကို အခမဲ့သော်၎င်း၊ အကြွေးသော်၎င်း၊

Price.—One anna.]

ရောင်းချသည် ဖြစ်စေ၊ စားဘွယ် သောက်ဘွယ်ကို ပြည်သူ့ဟော်တယ်နှင့်ပျော်ပွဲစားရုံမှ ပြင်ပသို့ အခမဲ့သော်၎င်း၊ အကြွေးသော်၎င်း၊ ပေးပို့ရောင်းချသည်ဖြစ်စေ၊ ပိုင်ရှင်သည် အဘိုးအခငွေကိုလက်ငင်းရသကဲ့သို့၊ ထိုက်သင့်သော အဘိုးအခပေါ်တွင် အခွန်ကိုအပြည့်စည်းကြပ်ရမည်။

ခြွင်းချက်။ ။ထို့ပြင် ပြည်သူ့ဟော်တယ်နှင့် ပျော်ပွဲစားရုံအတွင်း၊ ပြင်ပမှယူဆောင်လာ၍ စားသောက်သော စားဘွယ်သောက်ဘွယ်များ၏တန်ဘိုးအပေါ်၌လည်း၊ အထက်တွင်ဖေါ်ပြထားသည့်နှုန်းအတိုင်း အခွန်စည်းကြပ်လျက်၊ ၎င်းစားဘွယ်သောက်ဘွယ်များကိုအဆိုပါ ပြည်သူ့ဟော်တယ်နှင့် ပျော်ပွဲစားရုံက ရောင်းချမည်ဆိုပါက၊ တောင်းဆိုမည့် ဈေးနှုန်းများအတိုင်း၊ အဘိုးအခများကို တွက်ချက်ရမည်။’’

၄။ ။အဆိုပါအက်ဥပဒေ၏ပုဒ်မ ၆၊ ပုဒ်မခွဲ (၁) အဆုံးတွင် အောက်ပါတို့ကိုထည့်သွင်းရမည်။

‘‘ထိုပြေစာကို ဤအက်ဥပဒေအရ ခန့်အပ်ထားသော အရာရှိ တဦးဦးက စစ်ဆေးရန်တောင်းဆိုခဲ့သော်၊ တည်းခိုစားသုံးသူသည် ထုတ်ပေးရမည်။’’

၅။ ။အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၈၊ ပုဒ်မခွဲ (၂) တွင် ‘‘မသက်ဆိုင်ခြင်းမရှိစေရ’’ ဆိုသည့်စကားရပ်အစား ‘‘သက်ဆိုင်ခြင်းမရှိရ’’ ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၆။ ။အဆိုပါအက်ဥပဒေ၏ပုဒ်မ ၁၄ အစား၊ အောက်ပါတို့ကို ထည့်သွင်းရမည်။

ကင်းလွတ်ခွင့်၊ နှုန်းလျှော့ခွင့်၊ သို့တည်းမဟုတ် အခြားပြင်ဆင်ခွင့်အာဏာ။

‘‘၁၄။ ။စည်းကြပ်ကောက်ခံရမည့် အခွန်နှင့်စပ်လျဉ်း၍၊ မည်သည့် ပြည်သူ့ဟော်တယ်နှင့် ပျော်ပွဲစားရုံ၊ သို့တည်းမဟုတ်မည်သည့်ပြည်သူ့ဟော်တယ်နှင့်ပျော်ပွဲစားရုံ အမျိုးအစားပေါ်တွင်မဆို၊ သို့တည်းမဟုတ် မည်သည့်ပြည်သူ့ဟော်တယ်နှင့် ပျော်ပွဲစားရုံတွင်ရောင်းချသော မည်သည့် စားဘွယ် သောက်ဘွယ်မျိုးပေါ်တွင်မဆို၊ နိုင်ငံတော်သမ္မတသည်၊ သာမန်အမိန့်ဖြင့်၊ သို့တည်းမဟုတ် အထူးအမိန့်ဖြင့် သီးခြားသတ်မှတ်ထားသည့် ကင်းလွတ်ချက်ကို၊ သို့တည်းမဟုတ်အခွန်နှုန်းလျှော့ပေါ့ချက်ကို၊ သို့တည်းမဟုတ် အခြားပြင်ဆင်ချက်များကိုပြုလုပ်နိုင်သည်။’’

G.U.B.C.P.O.—No. 111, Min. of J.A., 28-3-50—1,500—II.